ဆင်ချောင်းကျေးရွာ

လပွတ္တာမြို့နယ်

Village Development Plan

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

( ၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်ချောင်းကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စကားချီး

ဆင်ချောင်းကျေးရွာ သယံဇာတပြမြေပုံ

ဆင်ချောင်းကျေးရွာ ရာသီခွင်ပြမြေပုံ

ဆင်ချောင်းကျေးရွာ( Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြ ဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၁
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ဆင်ချောင်းကျေးရွာ

လပွတ္တာမြို့နယ်

ဆင်ချောင်းကျေးရွာသယံဇာတပြမြေပုံ၊လပွတ္တာမြို့နယ်



# ဆင်ချောင်းကျေးရွာရာသီခွင်ပြမြေပုံ၊လပွတ္တာမြို့နယ်



# ဆင်ချောင်းကျေးရွာ၏အဖွဲ့အစည်းပြမြေပုံ(Venn Diagram)



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဆင်ချောင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ မြစ်ပေါက်အုပ်တွင် တည်ရှိပါသည်။ ဆင်ချောင်းကျေးရွာသည် လပွတ္တာမြို့နှင့် (၇)မိုင်ခန့် ကွာဝေးပြီး ရေလမ်းကြောင်းခရီး တစ်မျိုးတည်းဖြစ်သာ ဆက်သွယ်သွားလာနိုင်ပါသည်။ ရွာလမ်းများမှာ အရှေ့အနောက်သွယ်တန်းပြီး စုစုပေါင်း (၁၈၀၀)ပေရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ပြန်မလေ့ မြစ်လက်တက်ရှိပြီး၊ မြောက်ဘက်တွင် လယ်ကွင်းပြင်များရှိပါသည်။ အနောက်ဘက်တွင် ဘီတွတ်ကျေးရွာတည်ရှိပါသည်။ ဆင်ချောင်းကျေးရွာသည် မြစ်ကမ်းဘေးတွင် တည်ရှိသောကြောင့် အရည်အသွေးပြည့်မှီသော လမ်း၊တံတားများ အဖြစ် အဆင့်မြှင့်တင်နိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆင်ချောင်းကျေးရွာသည် နှစ်စဉ်မိုးရေချိန်လက်မ (၈၀)ခန့်ရရှိပြီး နေပူချိန်မှာ (၃၂ °C)ဖြစ်ပါသည်။ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လများတွင် နေပူရှိန်ပူပြင်း၍ ဝါဆိုလ၊ဝါခေါင်လ၊တော်သလင်းလများတွင် မိုးများပြီး ရေးကြီးလေ့ရှိပါသည်။ ဆောင်းရာသီနှင့် နွေရာသီတို့တွင် သောက်သုံးရေကန် (၂)ကန်ကို သောက်သုံးရေအဖြစ် အသုံးပြုကြပြီး မိုးရာသီတွင် မိုးရေကိုသာ သောက်သုံးရေအဖြစ် အသုံး ပြုလေ့ရှိပါသည်။ တန်ခူးလ၊ ကဆုန်လ များတွင် တစ်နှစ်တစ်လေမျိုးဆိုသလို သောက်သုံးရေ အခက်အခဲဖြစ်တက်ပါသည်။ ထိုအခါများတွင် သောက်သုံးရေများကို အခြားသောကျေးရွာတွင် သွားရောက် သယ်ယူရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဆင်ချောင်းကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် အမျိုးသား-၅ ဦး၊ အမျိုးသမီး-၄ ဦး တို့သည် ကျောင်းဆရာမများတို့နှင့် အတူပညာရေးကဏ္ဍ တိုးတက်စေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျန်းမာရေးကော်မတီအဖွဲ့တွင် (အမျိုးသား-၅ ဦး၊ အမျိုးသမီး-၄ ဦး)သည်လည်း ကျန်းမာရေးဌာနခွဲမှ ဆရာမနှင့် အတူ သောက်သုံးရေ သန့်ရှင်းရေး၊ လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းတို့တွင်လည်း နှစ်စဉ်ပူးပေါင်းဆောင်ရွက်ကြပါသည်။ လူငယ်အဖွဲ့တွင် (အမျိုးသားနှင့် အမျိုးသမီး =၄၀ ဦးခန့်)တို့သည်လည်း ကျေးရွာ၏ သာရေး၊နာရေး၊ ပျော်ပွဲ၊ ရွှင်ပွဲနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကိုလည်း ကျေးရွာအဖွဲ့အစည်းများနှင့် အတူပါဝင်ဆောင်ရွက်ကြသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဆင်ချောင်းကျေးရွာတွင် (၂.၅)ဧကမှ (၅)ဧကကြား တောင်သူငယ် (၇)အိမ်ထောင်စု၊ (၅)ဧကမှ (၁၂.၅)ဧကကြား တောင်သူလတ် (၅)အိမ်ထောင်စုနှင့် (၁၂.၅)ဧကနှင့်အထက် တောင်သူကြီး (၃)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ ကျန်ရှိသော မြေယာမဲ့ အိမ်ထောင်စုအချို့မှာ လယ်သမားများရိတ်သိမ်းပြီး လစ်လပ်နေသော လယ်ယာများအပေါ်တွင် ရာသီပင်သီးနှံမျိုးစုံကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာအရည်သွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၃၂၀)ဧက၊ ဥယျာဉ်ခြံမြေ (၅)ဧက၊ ဓနိတောမြေမှာ (၀.၀၃)ဧကနှင့် မြေလွတ်မြေလပ် (၀.၃၀)ဧက ရှိပါသည်။

ဆင်ချောင်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု အိမ်ထောင်စုမှာ (၅၀.၆%)ရှိပြီး မြေဧကပိုင်ဆိုင်မှုမှာ အနည်းဆုံး (၂.၅)ဧက မှ အများဆုံး (၁၂.၅)ဧကအထိ ပိုင်ဆိုင်ကြပြီး မြေယာမဲ့ အိမ်ထောင်စု (၄၉.၄%)ခန့်ရှိပြီး ၎င်းတို့မှာ နေ့စားကျပန်း၊ ရေလုပ်ငန်း၊အရောင်းအဝယ်၊ တောင်းပလုံးယက်လုပ်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ဧက (၃၂၀)ဧက အားလုံးအတွက် ရေအရင်းအမြစ်ကို ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးထားသော ပတ်တာအတွင်း မိုးရေခံ၍ ရေလွှဲဆည်မှ အလျှော့အတင်းပြုလုပ်၍ သုံးစွဲပါသည်။ ၎င်းပတ်တာအတွင်းရှိ ရေအရင်းအမြစ်များသည် မိုးရာသီကုန်ဆုံးချိန်မှာ အငန်ဓါတ်အနည်းငယ် စီးဝင်သောကြောင့် နွေစပါးစိုက်ပျိုးမရနိုင်ဘဲ မိုးစပါးတစ်မျိုးသာလျှင် စိုက်ပျိုးရပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုအပေါ်မူတည်ပြီး ထွက်ရှိပါသည်။ စပါးတစ်မျိုးတည်းကို စိုက်ပျိုးပြီး တစ်ဧကပျှမ်းမျှထွက်နှုန်းမှာ တင်း(၄၀)ခန့်သာ ထွက်ရှိပါသည်။ စိုက်ပျိုးရေး အခက်အခဲကြောင့် နွေစပါး၊ ဆောင်းစပါး မစိုက်ပျိုးနိုင်ကြကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာပိုင်ဆိုင်မှုအခြေအနေမှာ ထွန်စက်(၁)စီး၊ ရေစုပ်စက်(၇)လုံး စသည်တို့သာရှိပါသည်။ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် ရာသီဥတုပေါ်မူတည်၍ ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် စသည်တို့ကို နေ့တွက်ခပေး၍ ငှားရမ်းအသုံးပြုကြရပါသည်။ လယ်သမားငယ်အများစုမှာ နွားနှင့် ထွန်တုံးကိုသာ အဓိကအသုံးပြု စိုက်ပျိုးကြပြီး ရိတ်သိမ်းချိန်တွင်မူ လူအင်အားနှင့်သာရိတ်သိမ်းလုပ်ကိုင်ကြရပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုအခြေအနေမှာ လှေ(၃)စင်းနှင့် ငါးဖမ်းပိုက်များရှိပြီး အသက်မွေးဝမ်းကျောင်းအား အထောက်အကူပြု လုပ်ကိုင်ရှာဖွေကြပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ဝက်၊ဘဲများ မွေးမြူလုပ်ကိုင်

ကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက် ဗျက်ထိုးဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်း၊ တောင်ပလုံးယက်လုပ်ခြင်း၊ မြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် အငှားဝင်ရောက်လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်း အချို့လုပ်ကိုင်သူများလည်း ရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင် နေသူများလည်း ရှိကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၇)အိမ်ရှိပြီး နွားကောင်ရေ (၂၉)ကောင် ၊အိမ်ထောင်စု (၅)အိမ်မှ ဝက်(၂)ကောင်၊ အိမ်ထောင်စု (၅၃)အိမ်မှာ ကြက် (၃၆၂)ကောင်၊အိမ်ထောင်စု (၃)အိမ်မှ ဘဲ (၃၈)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကို စီးပွားဖြစ် အဓိကလုပ်ကိုင်သူများ အနည်းငယ်သာရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် ချောင်းမြောင်းများတွင် ငါးဖမ်းသူများရှိကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင် တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့် အသေးစား အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတက်ပညာအလွန်နဲပါးသဖြင့် အခြားဒေသများသို့ လုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အားရှားပါးလာပါသည်။ လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဆင်ချောင်းကျေးရွာ လယ်လုပ်ငန်း၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း မဟုတ်သော အသက်မွေးလုပ်ကိုင်ကြသော မိသားစုဝင်များသည် လုပ်ငန်းအတွက်ရင်းနှီးလုပ်ကိုင်ရန် ငွေကြေးလုံလောက်မှုမရှိသဖြင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းများမှ စီးပွားဖြစ်လုပ်ကိုင်ရန် အခွင့်အလမ်း နည်းပါးကြပါသည်။ ကျေးရွာပေါ်တွင် ချေးငွေလုပ်ငန်းများကို လုပ်ကိုင်သူများရှိသော်လည်းအတိုးနှုန်းများခြင်း၊ ရင်းနှီးမြှုပ်နှံရန် ချေးငွေလုံလောက်မှု မရှိခြင်းနှင့် အပေါင်ပစ္စည်းပေးရန် ခက်ခဲခြင်းတို့ကြောင့် ထိုအိမ်ထောင်စုဝင် မိသားစုများမှာ အခက်အခဲများစွာရှိပါသည်။ အတိုးကြီး ပုဂ္ဂလိကချေးငွေများ အားလုံးသည် ကာလတိုချေးငွေများဖြစ်ပါသည်။ ၎င်းချေးသူများထံမှ တစ်လအတိုးနှုန်းမှာ

(၅-၁၀)ရာခိုင်နှုန်းအထိ ချေးယူကြပါသည်။ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန်လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ဆင်ချောင်းကျေးရွာတွင် လှေ(၂၁)စင်း၊ စက်လှေ (၆၈)စင်းတို့ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုကြပါသည်။ ရွာလမ်းများမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာမှ လုပ်အားများဖြင့် အားတက်သရော လုပ်အားပါဝင်မှုကြောင့် လမ်း၊တံတားများ ဆောက်လုပ်ရာတွင် တစ်ဖက်တစ်လမ်းမှ လုပ်အားများဖြင့် ထောက်ပံ့မှုများကြောင့် ပို၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းအချို့မှာ လမ်းပေါ်သို့ ရေကျော်ပြီး ဗွက်များ ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေရှိပါသည်။ ရွာတွင်း ချောင်းကူးတံတား တစ်စင်းရှိပြီး အလျား (၁၂၀ ပေ)၊ အနံ (၈ ပေ)ရှိပြီး ၊ အမြင့် (၁၇ ပေ) တို့ဖြစ်ပြီး ထိုတံတားကို ကျောက်တိုင်၊ သစ်သားတိုင်နှင့် သစ်သားခင်း၍ ၂၀၁၃-၂၀၁၄ ခုနှစ်က ပြုပြင်တည်ဆောက်ခဲ့ပါသည်။ ထိုအချိန်ကာလသည် နာဂစ်မုန်တိုင်းလွန်ကာလ ဖြစ်သည့်အတွက် နည်းပညာနှင့် ငွေကြေးအခက်အခဲကြောင့် တံတားတည်ဆောက်ရာတွင် လိုအပ်ချက်များရှိမှုကြောင့် လူများသွားလာခြင်းလောက်သာ အသုံးပြုနိုင်ပြီး အခြားအလေးချိန်များသည့် အရာဝတ္ထုများ တင်ဆောင်အသုံးမပြုနိုင်ပါ။ ထို့အပြင် ရွာ၏ကမ်းကပ်တံတားမှာ အလျား (၁၈၅ ပေ)၊ အနံ (၈ပေ) ၊ အမြင့် (၈ ပေ) ရှိသစ်သားဖြင့် (၂၀၁၁-၂၀၁၂) ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး (၂၀၁၇- ၂၀၁၈)ခုနှစ်တွင် ချို့ယွင်း ပျက်ဆီးခဲ့ပါသည်။ အရည်အသွေးပြည့်မီပြီး တောင့်တင်းခိုင်မာသော တံတားအမျိုးအစား ကဲ့သို့ဆောက်လုပ်ရန် တံတား ပေအရှည်မှာ (၁၈၅ ပေ)ထိရှိသောကြောင့် ငွေကြေးမပြည့်မှီ၍ ဆက်လက်တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါ။ ကုန်းလမ်းဆက်သွယ်ရေးလမ်းမရှိသဖြင့် ရေလမ်းခရီးကိုသာ အဓိကထားအသုံးပြုကြပါသည်။ ကုန်စည်နှင့်ခရီးသည်ပို့ဆောင်ရေးတို့အတွက် စက်လှေ၊ သင်္ဘောများဖြင့် အခြားသော ကျေးရွာ၊ မြို့ကြီးများသို့ ပို့ဆောင်သွားလာကြပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ဆင်ချောင်းကျေးရွာသည် မဟာဓါတ်အားလိုင်း မရှိသေးသောကြောင့် အိမ်ထောင်စုအများစုမှာ ဆိုလာမီးနှင့် ဖယောင်းတိုင်မီးတို့ကိုသာ အသုံးပြုကြပါသည်။ ဆိုလာမီးအသုံးနိုင်သူများမှာ တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်းတို့ကို အသုံးပြုပြီး ချက်ရေးပြုတ်ရေးနှင့် မီးပူတိုက်ခြင်းတို့ကို ထင်းမီး၊ မီးသွေးမီးတို့ဖြင့် အသုံးပြုကြသည်။ ရွာလုံးကျွတ် လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် အဆင်ပြေမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆင်ချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်တို့ကို ဖုန်း(၉၁)လုံး၊ ရေဒီယို (၁၁)လုံး၊ တီဗွီ (၅၁)လုံး၊ စလောင်း(၁၄)လုံး စသည်တို့ဖြင့် ဆက်သွယ်ရေးနှင့် အသင်းအချက် အလတ်များကို သင့်တင့်ကောင်းမွန်စွာရရှိပါသည်။

### ၆။ ပညာရေး

ဆင်ချောင်းကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အားနည်းအနေအထားမှာ ရှိပါသည်။ ကျောင်းသား/သူ မူလတန်းအဆင့်တွင် (၁၀၀)ဦးနှင့် အလယ်တန်းအဆင့်တွင် (၂၁)ဦး ရှိပြီး၊ အထက်တန်းအဆင့်တွင် (၁၆)ဦး အတိုအပြင် တက္ကသိုလ်(၂)ဦးတို့ဖြင့် စုစုပေါင်း (၁၃၉)ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းအထိသာ တက်ရောက်နိုင်ပြီး အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်/ကောလိပ်တို့ကို အခြားသော ကျေးရွာနှင့် မြို့များတွင်သွားရောက်သင်ယူကြရပါသည်။ ကျေးရွာတွင်းရှိ ပညာသင်ယူနေသော ကျောင်းသား/သူတို့သည် မူလတန်းအဆင့်သာ သင်ယူရသည့်အတွက် ပညာရေးအခန်းကဏ္ဍတွင် အခက်အခဲများရှိပါသည်။ ကျောင်းတွင် ပညာရေးဝန်ထမ်း အင်အားမပြည့်မှီခြင်း၊ စာရေးခုံ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းသုံးပရိဘောဂ ပစ္စည်းများ ပြည့်စုံမှု မရှိဖြင်းမှလွဲ၍ အခြားအခက်အခဲနှင့် ပြဿနာများ မရှိကြောင်း တွေ့ရှိရပါသည်။

ဆင်ချောင်းကျေးရွာသည် မူလတန်းကျောင်းအဆင့်သာရှိသည့်အတွက် ကျောင်းနေအရွယ် ကလေးများ အချို့တို့သည် ကျောင်းမနေနိုင်ကြောင်း ကိုလည်းတွေ့ရပါသည်။ ငွေကြေးတက်နိုင်သည့်အချို့သော မိသားစုတို့သည်လည်း မိမိတို့သား/သမီးများကို အခြားသော ကျေးရွာ၊ မြို့နယ်များတွင် သွားရောက်ထားရှိပြီး ပညာရေး အဆင့်မြှင့်တင်ကြသည်ကိုလည်း တွေ့ရပါသည်။ ယခုကာလတွင် ရပ်မိ/ရပ်ဖများ၊ အဖွဲ့အစည်းများနှင့် ကျောင်းသားမိဘများတို့၏ ပညာရေးအားပေးအားမြှောက်မှုမရှိခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေနှင့် တက်မြောက်မှုမှာ အသင့်အတင့် အနေအထားသို့ စတင်ရောက်ရှိနေပါသည်။

### ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဆင်ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ထို့ကြောင့် လစဉ်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ထိုးနှံခြင်းနှင့် ကျန်းမာရေး အသိပညာပေး အစီအစဉ်များကို ပုံမှန်ဆောင်ရွက်ခြင်းများပြုလုပ်ကြသည်ကို တွေ့ရသည်။ သို့ရာတွင် ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စရပ်များတွင် အသုံးပြုရန် ကျေးရွာပိုင် အမြန်ရေယာဉ်မရှိသည့်အတွက် မြို့နယ်ဆေးရုံများသို့ အရေးပေါ်ပို့ဆောင်ပေးရမည့် လူနာများအတွက် အခက်အခဲရှိပါသည်။ အရေးပေါ်လူနာများအတွက် (၁၀ မိုင်)ခန့်ကွာဝေးသော သုံးမိုင်မြို့သစ်သို့ သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။ ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တစ်ခါတစ်ရံ ရာသီဥတု အပြောင်းအလဲကြောင့်

ရာသီဖျားနာခြင်းမျိုးရှိတက်ပါသည်။ ကျေးရွာအတွင်းရှိ (၂)လမှ (၁၈)လအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်း ၊ ကိုယ်ဝန်စောင့်ရှောက်ခြင်းတို့ကိုလည်း လစဉ်ပုံမှန်လုပ်ကြပါသည်။အများစုမှာ ကျန်းမာသန်စွမ်းကြ၍ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာ မရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

ဆင်ချောင်းကျေးရွာသည် အိမ်ထောင်စုပေါင်း (၁၃၁)အိမ်ထောင်စုရှိပြီး သန့်ရှင်းသော အိမ်သာသုံး အိမ်ထောင်စုပေါင်း (၃၀)စုရှိပါသည်။ တွင်းမရှိသောအိမ်သာ (၆၁)လုံးရှိပါသည်။ တွင်းရှိ အိမ်သာ (၃)လုံးရှိပြီး အိမ်သာမရှိသော အိမ်ထောင်စု (၂၃)စုတို့မှာ ၎င်းတို့နှင့် နီးစပ်သည့် အခြားအိမ်ထောင်စုပိုင် အိမ်သာများကို အသုံးပြုကြပါသည်။ ကျေးရွာသည် အိမ်သာနှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာဗဟုသုတများ အသင့်အတင့်ရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆင်ချောင်းကျေးရွာသည် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လေ့ရှိပါသည်။ ရေကြီးနစ်မြုပ်မှုများ ဆက်တိုက်ဖြစ်ပေါ်သည့် ခုနှစ်များတွင် လယ်မြေသီးနှံပင်များ ပျက်ဆီးဆုံးရှုံးမှုများ ရှိတက်ပါသည်။ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးနှင့် ရေတိုက်စားခြင်းတို့သည် နှစ်စဉ်လိုလို ကြုံတွေ့ရသောကြောင့် မြေဆီလွှာများရေနောက်မျှောပါပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ အသုံးပြုမှု လွဲမှားခြင်းတို့ကြောင့် မြေဆီလွှာများပျက်ဆီး ဆုံးရှုံးမှုများလည်းရှိပါသည်။ မိမိတို့ကျေးရွာအပြင် အခြားသော ကျေးရွာဒေသများပါ လူအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အမှိုက်အမျိုးမျိုးတို့ကို စနစ်တကျစွန့်ပစ်တက်သော အလေ့အထမရှိသဖြင့် သဘာဝပတ်ဝန်းကျင်အား ညစ်နွမ်းစေခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများသည် အသိပညာဗဟုသုတများ ရရှိစေပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာနိုင်ပါသည်။ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုများဖြင့် အမှိုက်စွန့်ပစ် စီမံခန့်ခွဲမှု စနစ်များအား ကျေးရွာသူ/သားများ၏ စနစ်တကျစွန့်ပစ်တက်ရန်အတွက် ပညာပေးဟောပြောထားပြီး အမှိုက်ကင်းစင်ကျေးရွာအဖြစ် ဆောင်ရွက်လျှက်ရှိပါသည်။

## ၉။ ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဆင်ချောင်းကျေးရွာသည် လူဦးရေအားဖြင့် အမျိုးသား– ၂၇၆ ဦး၊ အမျိုးသမီး–၂၆၄ ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသား (၁၈၇)ဦး၊ အမျိုးသမီး (၁၆၆)ဦး ရှိပြီး တစ်ရွာလုံးရှိ လူဦးရေ၏ (၆၀%)ရှိပါသည်။ ကျား/မ ရေးရာနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရရှိပြီး ဆောက်လုပ်ရေးလုပ်ငန်း လယ်ယာစိုက်ပျိုးဖြင်းနှင့် ရိတ်သိမ်းခြင်းများတွင် နေ့စားပုတ်ပြတ်နှင့် လပြတ်

စသည့် လုပ်သားများဌားရမ်းလုပ်ဆောင်ကြပါသည်။ လူတစ်ဦး၏ တစ်ရက်လုပ်အားခမှာ ငွေကျပ် (၄၀၀၀/- မှ ၇၀၀၀/-)အထိ နေ့စားခ ရရှိ၍ ခနိထိုးခမှာ ခနိ (၁၀၀)လျှင် ငွေကျပ် (၁၅၀၀)ကျပ်နှုန်းဖြင့် ရရှိပါသည်။ အထက်ဖော်ပြပါ လုပ်ငန်းအများစုမှာ ရာသီချိန်အလိုက် လုပ်ကိုင်နေသည့်လုပ်ငန်းများဖြစ်သည့်အတွက် ကြားကာလများတွင် ကျပန်းအလုပ်များ ရှာဖွေလုပ်ကိုင်ကြရသည်။ အမျိုးသမီး အများစု၏ ဝင်ငွေရလုပ်ငန်းမှာ နည်းပါးလှပါသည်။

အမျိုးသမီးတို့သည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးများ၏ ဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများတို့သည် ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းများ လုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမို ရရှိကြပြီး ပုတ်ပြတ်လုပ်ငန်းများတွင် တန်းတူအခွင့်အရေး ရရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါ၍ အချို့သောအခန်းကဏ္ဍတို့တွင် ပါဝင်မှုနည်းပါးပြီး အမျိုးသားအများစုကသာ ဦးဆောင်ဦးရွက်ပြီး လုပ်ဆောင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင်ကြသည်ကို တွေ့ရှိရသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ၊ ခိုးဆိုးလုယက်မှုများလည်း မရှိပါ။ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အရက်သေစာ သောက်စားခြင်းမှလွဲ၍ အခြားမရှိပါ။ ပညာရေးတွင်လည်း မူလတန်းမှ တက္ကသိုလ်ကောလိပ်ကျောင်းအထိ ကျား/မ တန်းတူ အခွင့်အရေးရှိပါသည်။

၁၀။ သပြုကွင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ဆိပ်ခံကွန်ကရစ်တံတား | ၁ |
| ၂ | အခြေခံအဆောက်အဦ | ချောင်းကူးတံတား | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကျောက်ချောလမ်းခင်းခြင်း | ၃ |
| ၄ | အခြေခံအဆောက်အဦ | သောက်သုံးရေကန် | ၄ |
| ၅ | ပညာရေး | စာသင်ကျောင်းဆောင်အသစ် | ၅ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

**ကျေးရွာ – ဆင်ချောင်း**
**ကျေးရွာအုပ်စု – မြစ်ပေါက်**
**မြို့နယ် – လပွတ္တာ**
**တိုင်းဒေသကြီး/ပြည်နယ် – ဧရာဝတီ**

**စီမံချက်အမည် – ဆိပ်ခံကွန်ကရစ်တံတားလုပ်ငန်း (၃၀’×၇’×၁၂’) အား တည်ဆောက်ခြင်း**

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

. ယခုလက်ရှိ ဆိပ်ခံတံတားမှာ သစ်သားဖြင့် ဆောက်လုပ်ထားပြီး အောက်ခြေတိုင်များ မကောင်းခြင်း၊ အပေါ်ကြမ်းခင်းများဆွေးနေခြင်းတို့ကြောင့် သွားလာ၍ အဆင်မပြေသည့်အနေအထားဖြစ်ပါသည်။

. ခရီးသည်များ တက်ရောက်ရာတွင် အဆင်မပြေသည့် အနေအထားဖြစ်နေပါသည်။

. ကုန်ပစ္စည်းများ အတင်/အချပြုလုပ်ရန် အသုံးပြု၍ မရသည့် အခြေအနေဖြစ်ပါသည်။

. ကျန်းမာရေးအတွက် အရေးပေါ်သွားလာရန် ခက်ခဲနေသော အနေအထားဖြစ်ပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

. အနီးနားရှိကျေးရွာများမှာ မိမိတို့ကျေးရွာသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအရလာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်၊

. မိမိတို့ကျေးရွာအနေဖြင့် ကုန်ပစ္စည်းနှင့် ဒေသထွက်အရင်းအမြစ်များရောင်းချရာတွင် ရေလမ်းဖြင့် အတင်/အချ အဆင်ပြေစွာဆောင်ရွက်နိုင်ရန်။

. ကျန်းမာရေးအတွက် အရေးပေါ်သွားလာရာတွင် အချိန်မီ လွယ်ကူစွာသွားရောက်နိုင်စေရန်၊

**မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

. ဆိပ်ခံကွန်ကရစ်တံတားတည်ဆောက်ပြီးပါက အနီးနားရှိကျေးရွာများမှ မိမိတို့ကျေးရွာသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး သွားလာရ အဆင်ပြေ လွယ်ကူလာမည်။

. မိမိတို့ကျေးရွာရှိ ဒေသထွက်အရင်းအမြစ်များအား ရေလမ်းခရီးဖြင့် ပို့ဆောင်တင်ပို့ရာတွင် လွယ်ကူအဆင်ပြေလာမည်။

. ကျန်းမာရေးအတွက် အရေးပေါ်ဆေးကုသမှု ခံယူရန် လွယ်ကူလျှင်မြန်စွာသွားရောက်နိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

. ဆင်ချောင်းကျေးရွာဆိပ်ခံသစ်သားတံတား(၃၀’×၇’×၁၂’)အား ဆိပ်ခံကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်ခြင်း။.

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| . ၁၀၀၀၀၀၀၀ိ/- (ငွေသား)<br>. ၁၀၀၀၀၀၀ိ/- (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>. ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၂၇၆ | ၂၆၄ | ၅၄၀ | ၄ | ၄ | ၃၂ | ၉၁ | ၁၃၁ |
| အကျိုးခံစားမည့်သူဦးရေ | ၂၇၆ | ၂၆၄ | ၅၄၀ | ၄ | ၄ | ၃၂ | ၉၁ | ၁၃၁ |

မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. ဆင်ချောင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂)စီမံချက်စတင်မည့် အချိန်ခန့်မှန်း-၂၃-၃-၂၀၂၁**

**(၃)စီမံချက်ပြီးစီးမည့်အချိန်-၅-၆-၂၀၂၁**

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**

. ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများမှ ကျေးရွာလုံးကျွတ်အစည်းအဝေးခေါ် ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာချပြ ဆွေးနွေးတိုင်ပင်ဆောင်ရွက်ပါမည်။

. ကျေးရွာသူ/သားများမှ ငွေကျပ် (၁၀)သိန်းအား ပူးပေါင်းထည့်ဝင်ပါမည်။

. လိုအပ်ပါက လုပ်အား ထည့်ဝင်နိုင်ရေးအတွက် ကော်မတီများမှ စည်းရုံးဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ချပြဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးစီးမှု အလွှဲအပြောင်း လုပ်ဆောင် ခြင်းနှင့် ဖွင့်လှစ်ပွဲကို ဆောင်ရွက်ခွင့်ရှိပါက ဆောင်ရွက်သွားပါမည်။

. တံတားအခြေအနေအား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်း သိမ်းမှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ဦးဆောင်၍ ဆောင်ရွက်သွားပါမည်။

. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## မြစ်ပေါက်ကျေးရွာအုပ်စု၊ ဆင်ချောင်းကျေးရွာကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်မင်း | ဦးအုန်းစံ | ၁၄/လပတ(နိုင်)၀၄၅၂၁၄ | ၅၈ | ဥက္ကဌ | ၀၉-၂၅၄၁၆၆၇၇၁ |
| ၂ | ဦးမှိုင်းကာ | ဦးစောရှူး | ၁၄/လပတ(နိုင်)၀၄၅၂၃၃ | ၅၂ | အတွင်းရေးမှူး | ၀၉-၄၅၀၃၃၃၈၄၈ |
| ၃ | ဒေါ်စီးလယာ | ဦးထင်မောင်ကြီး | ၁၄/လပတ(နိုင်)၂၀၀၄၆၀ | ၃၆ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၁၆၂၁၆၁၂ |
| ၄ | ဦးသက်လှိုင်ဦး | ဦးဖိုးမော့ | ၁၄/လပတ(နိုင်)၂၅၂၈၁၉ | ၃၅ | စာရင်းကိုင် | ၀၉-၂၅၁၁၁၉၄၇၈ |
| ၅ | ဒေါ်ခူရီးဖော | ဦးကောသ | ၁၄/လပတ(နိုင်)၂၁၃၇၆၀ | ၃၈ | အဖွဲ့ဝင် | ၀၉-၄၅၆၈၈၉၈၄၇ |
| ၆ | ဦးစောအယ်ခူ | ဦးရောဘ | ၁၄/လပတ(နိုင်)၂၀၀၇၉၅ | ၄၉ | အဖွဲ့ဝင် | ၀၉-၄၄၆၅၈၈၉၃၁ |
| ၇ | ဦးမင်းအောင် | ဦးဖိုးထော | ၁၄/လပတ(နိုင်)၁၆၅၄၈၈ | ၄၉ | အဖွဲ့ဝင် | ၀၉-၂၆၅၄၁၆၃၈၈ |
| ၈ | ဒေါ်အယ်ဒီးနာ | ဦးချစ်အေး | ၁၄/လပတ(နိုင်)၂၁၃၆၂၁ | ၃၈ | အဖွဲ့ဝင် | ၀၉-၆၆၃၇၇၇၅၁၉ |
| ၉ | ဒေါ်စန်းစန်းနု | ဦးသောနေ | ၁၄/လပတ(နိုင်)၂၁၇၇၅၉ | ၄၂ | အဖွဲ့ဝင် | ၀၉-၆၉၀၈၇၉၇၂၇ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ | | ၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၁၇ | ၃၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၃၃ | ၅၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၃၀ | ၆၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၇ | ၁၆၆ | ၃၅၃ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၃ | ၂၅ | | |
| စုစုပေါင်း | | ၂၇၆ | ၂၆၄ | ၅၄၀ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၃၁ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ဆင်ချောင်ကျေးရွာသည် ကရင်လူမျိုးအများစုနေထိုင်ပြီးလူဦးရေအားဖြင့် အတင့်အတင့်ရှိ

သောကျေးရွာတစ်ရွာဖြစ်ပါသည်။အိမ်ထောင်စုအားဖြင့်(၁၃၁)စုရှိပြီးလူဦးရေစုစုပေါင်း(၅၄၀)ဦးရှိပါသည်။တစ်နှစ်

အောက်နို့စို့အရွယ်(၂.၀၃%)၊၅နှစ်အောက်ကလေးငယ်(၅.၈%)၊မူလတန်းကျောင်းနေအရွယ်(၁၀.၂ %)၊အလယ်တန်းကျောင်းနေအရွယ်(၆၅.၄%)တို့ဖြစ်ပါသည်။ကျေးရွာအတွင်းအလုပ်လုပ်နိုင်သည့် လူဦးရေပိုများသောကြောင့်ဝမ်စစာဖူလုံမှုအတင့်အတင့်ရှိပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အ ောက်အကူများရရှိနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းမျ<br>ား | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br>(မှတ်ချက်ကို သေချာစွာဖ တ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်<br>ထော<br>င်စု | မိသား<br>စု<br>ဝင်လု<br>ပ်အား | အမျိုးသမီ<br>း<br>ဦးဆောင်<br>သည့်အိမ်<br>ထောင်စု | ဦးရေ | | | |
| | | | | | ကျာ<br>း | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | ၂၂ | ၄၉ | | | | | မြင့် ☐<br>လတ်✔ နိမ့်<br>☐ |
| | အလုပ်သမ<br>ား /<br>ဝန်ထမ်း | ၆၄ | ၁၂၆ | | | | | မြင့် ☐<br>လတ်☐ နိမ့်<br>% |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐ နိမ့်<br>☐ |
| | အလုပ်သမ<br>ား /<br>ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐ နိမ့်<br>☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | ၂၀ | ၃၃ | | | | | မြင့် ☐<br>လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ✔ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမ | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ား / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၁ | ၄၈ | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | စုစုပေါင်း | ၁၃၁ | ၂၅၉ | | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်**
**လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။
**“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)
အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ဆင်ချောင်းကျေးရွာသည် လယ်လုပ်ငန်းကိုအဓိကထားလုပ်ကိုင်သောကြောင့်အများစုမှာ လယ်အငှား၊လယ်လုပ်သား၊နေ့စားစသည်ဖြင့်ရာသီအလိုက်လုပ်ကိုင်ကြပါသည်။ငါးဖမ်းခြင်းလုပ်ငန်းကိုလည်း ဆောင်းနှင့် နွေကာလတို့တွင် နှစ်စဉ်လုပ်ကိုင်လေ့ရှိပါသည်။အချို့သောမိသားစုဝင်များတို့သည် မြို့ကြီး၊ရွာကြီးများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။အခြားဒေသသို့သွားရောက်လုပ်ကိုင်ကြသူများတွင် အများစုမှာ လူငယ်များဖြစ်ကြပြီး၊ အချို့မှာမိသားစုအလိုက်သွားရောက်နေထိုင်လုပ်ကိုင်ကြပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၅၀၀၀ | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ ဆင်ချောင်းကျေးရွာ၏လယ်လုပ်ငန်းခွင်တွင် အမျိုးအများစုမှာ ပင်တိုင်လုပ်သား အဖြစ် လုပ်ကိုင်ကြပြီး အမျိုးသမီးများနှင့်အခြားသော အမျိုးသားတို့ သည်နေ့စား အလုပ်သမား များအဖြစ် လုပ်ကိုင်ကြပါသည်။ကျပန်းအလုပ်သမားအချို့သည်လယ်လုပ်ငန်းကိုပုတ်ပြတ်ဌားရမ်းလုပ်ကိုင်ကြပါသည်။ငါးဖမ်းခြင်းလုပ်ငန်းတွင်နေ့ညဟူ၍ရှာဖွေ လုပ်ကိုင်ကြသည့်အတွက် အမျိုးသမီးများနှင့်မသင့်လျော်၍ အမျိုးသားများ သာနေ့စား ပုတ်ပြတ်အနေအထားမျိုးဖြင့် အငှားလုပ်ကိုင်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၃၃ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၅၃၃ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄)

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။

ဆင်ချောင်းကျေးရွာလယ်ပိုင်ရှင်(၂၂)ဦးရှိပြီးဧကစုစုပေါင်း(၅၃၃)ရှိပြီးတစ်နှစ်လျှင်တစ်သီးစားပုံစံဖြင့်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။လယ်တွင်စိုက်ပျိုးသည့်စပါးများကိုသက်ငယ်၊သက်လတ်၊သက်ကြီးစပါးဟူ၍ ရေမြေအနေအထားပေါ်မူတည်၍ အလိုက်သင့်စိုက်ပျိုးကြသည်။ အရင်းအနှီးအသင့်အတင့်ရှိသော အောက်သမား၊ ရေလုပ်ငန်းလုပ်ကိုင်သူတို့သည်လည်းလယ်ငှားလုပ်ကိုင်ကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐<br>နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐<br>နည်း ☐မရှိ ✔ | လွယ် ☐<br>ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐<br>နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐<br>နည်း ✔ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ✔<br>နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐<br>နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐<br>နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐<br>နည်း ✔ မရှိ ☐ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။ ဆင်ချောင်းကျေးရွာတွင် လယ်လုပ်ငန်းပြီးစီးချိန်တွင် လယ်ကွက်များနှင့် လယ်ကွက် ဘေးတို့တွင် ကျွဲနွားစားကျက်အဖြစ်အသုံးပြုကြပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် ငှက်မျိုး များ၊ ငါး၊ပုဇွန်၊ဂဏန်းစသည့်တို့ကိုတွေ့ရှိရပါသည်။ ရွာပတ်ဝန်ကျင်နှင့်အနီးတွင် ဒီရေတောများ အနည်းငယ်ပေါက် ရောက် မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေေ ော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထော င်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်ေ ောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ကေမှ၂၅ေ ကထိ | ၁၀ကေမှ၁၂ကေ ထိ | ၅ကေမှ၁၀ကေထိ | ၂ကေမှ၅ကေထိ |
| အိမ်အခြေအနေ | ခနိမိုး၊ပျဉ်ခင်း၊ ခနိကာ | ခနိမိုး၊ခနိကာ | ခနိမိုး၊ခနိကာ | ဝါးအိမ်၊ခနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုန ှင့်ဆိုင်သောပိုင်ဆို င်မှု | စက်လှေ၊ထွန် စက် | စက်လှေ/လှေ | လှေ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး/ေ ေလုပ်ငန်း | စိုက်ပျိုးရေး/ရေ လုပ်ငန်း/ဈေးရေ ာင် | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၄ | ၄ | ၃၂ | ၉၁ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။ ကျေးရွာအိမ်ထောင်စုအားဖြင့်(၁၃၁)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စုမှာ (၃.၀၅%)မှာ

